# Gamer များအတွက် အဆင့်မြင့် နည်းပညာပစ္စည်းများ

## SteelSeries Spectrum 7XB Gaming Headset

ဒေါ်လာ ၁၈၀ တန် စွမ်းဆောင်ရည်မြင့် ကြိုးမဲ့ headset ဟာ game ကစားတဲ့အခါ အသံနဲ့ တခြားသူတွေကို အနှောင့်အယှက်မဖြစ်အောင် ပြုလုပ်ပေးပါလိမ့်မယ်။ သူ့ရဲ့ အသံအရည်အသွေးက ကောင်းမွန်ပြီး ပေါ့ပါးမှုလည်း ရှိပါတယ်။ Xbox 360 ၊ PC ၊ Mac စတာတွေနဲ့ တွဲဖက်သုံးနိုင်မှာဖြစ်ပြီး အသံနဲ့ ဆက်သွယ်မှု ပြုလုပ်တာကိုတော့ Xbox 360 မှာပဲ ပြုလုပ်လို့ရပါလိမ့်မယ်။ *(find.pcworld.com/72318)*

## SteelSeries 6Gv7 Gaming Keyboard

6Gv2 (၉၉ ဒေါ်လာ) mechanical keyboard ဟာ အပိုလုပ်ဆောင်ချက်တွေ မပါဝင်ဘဲနဲ့ စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်ပါတယ်။ Mechanical keyboard တွေက သာမန် keyboard တွေထက် ပိုပြီးတော့ ကြာရှည်ခံတာနဲ့ key တွေကို တစ်ပြိုင်နက်တည်း နှိပ်လို့ရမှုတွေကြောင့် လူကြိုက်များတာ ဖြစ်ပါတယ်။ *(find.pcworld.com/72317)*



## SteelSeries Sensei Gaming Mouse

Sensei (ဒေါ်လာ ၉၀) မှာ လှုပ်ရှားမှုတွေကိုမှန်ကန်အောင်လုပ်ပေးတဲ့ လှုပ်ရှားမှု မှန်ကန်အောင်တွက်ချက်ခြင်း ၊ input ကြန့်ကြာတာတွေမဖြစ်အောင် လုပ်ပေးနိုင်ဖို့ ARM processor အသေးလေးတစ်ခု ပါဝင်ပါတယ်။ သူ့ကို အကွာအဝေးချိန်နိုင်ပြီး programmable macro command တွေ လည်းပါဝင်ကာ လိုသလိုပြောင်းလဲနိုင်တဲ့ LED လည်း ပါဝင်ပါတယ်။ *(find.pcworld.com/72320)*



## SteelSeries Scope Gaming Glasses

ဒီပေါ့ပါးတဲ့ ၉၉ ဒေါ်လာတန် မျက်မှန်ဟာ မြင့်မားတဲ့ အပြာရောင်အလင်းကို လျှော့ချပေးပြီး မျက်စိအားကုန်မှုကို သက်သာစေဖို့ ပျားရည်ရောင် ထည့်ပေးထားပါတယ်။ Standard နဲ့ prescription version ၂ မျိုးနဲ့ ရနိုင်ပါတယ်။ *(find.pcworld.com/72319)*



## Razer BlackWidow Ultimate Gaming Keyboard

BlackWidow Ultimate(ဒေါ်လာ ၁၃၀) ဟာ အပြည့်အဝ program နဲ့ ထိန်းချုပ်နိုင်တဲ့ backlit mechanical keyboard ဖြစ်ပါတယ်။ Game တစ်ခုကနေ တစ်ခုကို မကြာခဏ switch လုပ်တတ်တဲ့ gamer တွေအတွက် အံကိုက်ပါပဲ။ ဒီ keyboard ရဲ့ mechanical key တွေဟာ ကြာရှည်စွာ ကစားရတဲ့ game session တွေအတွက် ကောင်းမွန်ပြီး သူ့ရဲ့ မြန်ဆန်လှတဲ့ macro recording ကလည်း level အမြင့်တွေကို ကစားတဲ့အခါ key combo တွေကို လွယ်ကူစွာ save လို့ ရစေပါတယ်။ *(find.pcworld.com/72322)*

## Razer Mamba Gaming Mouse



Mamba မှာ laser sensor ရော၊ optical sensor ပါ ပါဝင်ပါတယ်။ သူ့ရဲ့ 6400dpi 4G dual-sensor system ကြောင့် ဘယ်မျက်နှာပြင်မျိုးမဆိုမှာ အသုံးပြုနိုင်ပြီး စားပွဲပေါ်ကနေ မ လိုက်တဲ့အချိန်မှာတောင် track လုပ်နိုင်ပါသေးတယ်။ ကြိုးနဲ့ရော၊ ကြိုးမဲ့ရော အလုပ်လုပ်နိုင်တာကြောင့် အိမ်သုံးရော၊ လမ်းခရီးသွားနေတုန်းသုံးတာရော အဆင်ပြေမှာဖြစ်ပါတယ်။ သူ့ရဲ့တန်ဖိုးက ဒေါ်လာ ၁၃၀ ဖြစ်ပါတယ်။ *(find.pcworld.com/72321)*

## Cyborg R.A.T. 7 Gaming Mouse

ဒေါ်လာ ၁၀၀ တန် R.A.T. 7 က သူ့ရဲ့လက်နဲ့ သင့်တော်အဆင်ပြေအောင်လုပ်လို့ရတဲ့ matellic design ကြောင့် ထူးခြားသွားတာဖြစ်ပါတယ်။ ဒီ mouse က လက်ချောင်းလေးတွေတင်ဖို့ grip လည်းပါဝင်ပြီး လက်ဖဝါးထဲမှာ ကိုင်ရတာ အဆင်ပြေဝင်ဆံ့အောင် ပြုလုပ်ထားတာပါ။ *(find.pcworld.com/72323)*





## Razer Onza Tournament Edition Gamepad

Xbox 360 ရော၊ PC နဲ့ပါ တွဲဖက်သုံးနိုင်တဲ့ ပြိုင်ပွဲတွေအတွက်လည်း အဆင်ပြေတဲ့ ဒီ gamepad(ဒေါ်လာ ၅၀) ဟာ ကိုယ့်ရဲ့ action title တွေအားလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်စေတဲ့ controller အဖြစ် လုပ်ဆောင်ပေးပါတယ်။ Programmabe button တွေကို ထည့်သွင်းပေးထားတာက ကောင်းမွန်တဲ့ လုပ်ဆောင်ချက်ဆိုပေမယ့် analog stick တစ်ခုချင်းစီရဲ့ resistance ကို ကိုယ်လိုသလို ချိန်လို့ရတာမျိုးကို ပိုပြီး သဘောကျမိပါတယ်။ *(find.pcworld. com/72324)*



## Filco MajesTouch 2 Camouflage Edition Gaming Keyboard

Filcoက ခက်ခက်ခဲခဲ မြန်မြန်ဆန်ဆန်ကစားရတဲ့ PC game တွေကစားတာကို ခံနိုင်ရည်ရှိတဲ့ gaming keyboard တွေကို ထုတ်လုပ်တာ ဖြစ်ပါတယ်။ အခုလည်း MajesTouch 2 (ဒေါ်လာ ၁၅၀ ) ကလည်း ဒီလိုအမျိုးအစားပဲ ဖြစ်ပါတယ်။ သူ့ရဲ့ key တွေက နှိပ်လို့ကောင်းပြီး အသုံးမလိုတာတွေ ဘာမှမပါတဲ့ design က သိသာပေါ်လွင်မှုတွေကိုမကြိုက်တဲ့ gamer တွေနဲ့ အဆင်ပြေစေမှာပါ။ *(find.pcworld.com/72325)* ■



## Astro AStar Earbuds

ရှည်သွယ်လှပတဲ့ ဒေါ်လာ ၈၀ တန် earbuds ကို gamer တွေအတွက် အဓိကထား design ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် သူက Nindtendo 3DS ၊ ဒါမှမဟုတ် Sony PlayStation Vita တို့လို portable game player တွေနဲ့ အဆင်ပြေပြေ တွဲဖက်အလုပ်လုပ်နိုင်မှာပါ။ သီချင်းနားထောင်ရင်လည်း ကောင်းမွန်ပြီး ကိုယ့် smartphone ရဲ့ handfree ခေါ်ဆိုမှုတွေအတွက် sind-shielded microphone ကိုတောင်မှ အသုံးပြုနိုင်ပါတယ်။ *(find.pcworld.com/72326)* ■



## Astro A40 Gaming Headset with Mixamp Pro

A40က headphone jack ပါဝင်တဲ့ ဘယ်ပစ္စည်းမှာ မဆို နဲ့တွဲဖက်အသုံးပြုနိုင်တဲ့ Dolby 7.1 Surround Sound နဲ့ headset ဖြစ်ပါတယ်။ သူ့ကို Mixamp Pro နဲ့တွဲပြီး ဈေးနှုန်း ဒေါ်လာ ၂၅၀ နဲ့ရနိုင်ပါတယ်။ သူ့ကိုသုံးပြီး Xbox live ၊ ဒါမှမဟုတ် PlayStation network ပေါ်မှာဆိုရင် သူငယ်ချင်းတွေနဲ့ voice chat ပြုလုပ်နိုင်ပါတယ်။ *(find. pcworld.com/72327)* ■